# ၂၀၂၀ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

သမိုင်း　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　စွမ်းပြဲချိန် (၃) နာရီ

သတိပြုရန်။　　　　　။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) ၁၉၂၀ သို့ရောက်မှ အင်္ဂလိပ်တို့သည် --------- ဥပဒေကြမ်းတစ်ခုကို ရေးဆွဲပြီး ဩဂုတ်လတွင်ကျင်းပသော ဥပဒေပြုကောင်စီသို့တင်ပြဆွေးနွေးခဲ့သည်။

(၂) ပခုက္ကူခရိုင် ထီးလင်းမြို့တွင် --------- ချစ်ကြည်ရေးညီလာခံကို ၁၉၄၇ မတ်တွင် ကျင်းပခဲ့သည်။

(၃) အထက်မြန်မာနိုင်ငံအား သိမ်းပိုက်လိုက်သည့်အခါ --------- ၏ အစိုးရလုပ်ငန်းများသည် များပြားလာခဲ့သည်။

(၄) အလံနီကွန်မြူနစ်များက --------- တွင် တောခိုကာ ပထမဆုံးဆူပူသောင်းကျန်းကြ၏။

(၅) ၁၉၅၈ အောက်တိုဘာ ၂၈ တွင် ပါလီမန် အထူးအစည်းအဝေးပွဲကို ခေါ်ယူလျက် --------- ကိုဖွဲ့စည်းခဲ့သည်။

(၆) ၁၉၁၄ ဇူလိုင် ၂၈ တွင် ဩစတြီးယားက --------- ကို စစ်ကြေညာသည်။

(၇) မလေးရှားတွင် ပထမဆုံး ခေတ်သစ်နိုင်ငံရေးလှုပ်ရှားမှုများကို ပြုလုပ်လာသူများမှာ --------- များဖြစ်သည်။

(၈) ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် ၁၉၂၂ တွင် --------- စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

(၉) ဘာလင်ပိတ်ဆို့မှုကြောင့် --------- တို့ စစ်ရေးအဖွဲ့ ရာယ်ကို ပိုမိုစိုးရိမ်လာကြသည်။

(၁၀) ဆုဟာတိုသည် --------- ပါတီကို အစိုးရ၏နိုင်ငံရေးပါတီအဖြစ်ဖွဲ့စည်းခဲ့သည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ (၁၀ မှတ်)

(၁) နယ်ချဲ့အင်္ဂလိပ်သည် --------- တွင် မြန်မာနိုင်ငံ၌ စတာလင်ပေါင် ၁၃ သန်းကျော် မြုပ်နှံကာ ဘီအိုစီကုမ္ပဏီကို စတင်တည်ထောင်ခဲ့သည်။

(က) ၁၈၈၆ (ခ) ၁၈၈၇ (ဂ) ၁၈၈၈

(၂) အင်္ဂလိပ်နန်းရင်းဝန်သစ် --------- ကိုယ်တိုင်က ၁၉၄၆' ဒီဇင်ဘာတွင် အင်္ဂလိပ် အောက်လွှတ်တော်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်မြို့သို့ ဖိတ်ခေါ်ရန် ကြံရွယ် ချက်ရှိကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

(က) မစ္စတာဘီဗင် (ခ) မစ္စတာအက်တလီ (ဂ) ဆာဟူးဘတ်ရန့်

(၃) ဂျပန်ခေတ်တွင် လွတ်လပ်ရေးရသောအခါ -------- သည် နိုင်ငံတော်အဓိပတိဖြစ် လာသည်။

(က) ဒေါက်တာသိမ်းမောင် (ခ)သခင်ထွန်းအုပ် (ဂ)ဒေါက်တာဘမော်

(၄) ၁၉၅၉ ခုနှစ် တွင် --------- မြို့ဟောင်းကို စတင်တူးဖော်ခြင်းအားဖြင့် ယဉ်ကျေးမှု ကဏ္ဍသစ် တစ်ရပ် ဖွင့်လှစ်လိုက်သည်။

(က) ဗိဿနိုး (ခ) ဟန်လင်း (ဂ) သရေခေတ္တရာ

(၅) ၂၀၀၀-၂၀၀၁ ပညာသင်နှစ်၊ နှစ်ဆန်းပိုင်းတွင်သူငယ်တန်းကျောင်းနေနှုန်းမှာ --------- အထိတိုးတက် မြင့်မားလာခဲ့သည်။

(က) ၇၁.၅% (ခ) ၈၁.၅% (ဂ) ၉၁.၅%

(၆) ၁၉၁၇ ဇူလိုင်တွင် --------- သည် ဂျာမနီနှင့် ဩစတြီးယားတပ်တို့ကို ထိုးစစ်သစ် တစ်ရပ်ဆင်နွှဲခဲ့ရာ ပွဲဦးထွက်အောင်ပွဲရသော်လည်း နောက်ပိုင်း၌ ရှုံးနိမ့်သည်။

(က) ကရင်စကီ (ခ) လီနင် (ဂ) လာဗော့

(၇) ၁၉၂၉တွင် --------- မြို့၌ ကျင်းပသော ကွန်ဂရက်အစည်းအဝေးက လုံးဝလွတ်လပ် ရေးကိုအရယူရန် ဆုံးဖြတ်ခဲ့သည်။

(က) နာဂပူ (ခ) မဒရပ် (ဂ) လာဟိုး

(၈) ဒန်းဇစ်နှင့်ပိုလန်စင်္ကြံအရေးအခင်းတွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် --------- တို့ကို အလျှော့မပေးတော့ဘဲ ပိုလန်ဘက်မှ မားမားမတ်မတ်ရပ်တည်ခဲ့ကြသည်။

(က) ဂျာမန် (ခ) ဂျပန် (ဂ) အီတလီ

(၉) ၁၉၄၄ စက်တင်ဘာတွင် ဆိုဗီယက်တပ်များက --------- နိုင်ငံကိုဝင်ရောက်တိုက်ခိုက်ခဲ့သည်။

(က) ရူမေးနီးယား (ခ) ဘူလ်ဂေးရီးယား (ဂ) ယူဂိုဆလားဗီးယား

(၁၀) ၁၉၈၆တွင် --------- သည် သမ္မတရာထူးရရှိခြင်းအားဖြင့် ပြည်သူ့အာဏာအောင်ပွဲခံနိုင် ခဲ့သည်။

(က) ကိုရာဇွန်အာကီနို (ခ) မက်ဆေးဆေး (ဂ) ဖာဒီနန်မားကို့စ်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ လေးပုဒ် ကိုမှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) တိုင်းပြုပြည်ပြုလွှတ်တော် (၅) မှတ်

(ခ) ကိုလိုနီခေတ် မဂ္ဂဇင်းများ (၅) မှတ်

(ဂ) အိမ်စောင့်အစိုးရလက်ထက်အုပ်ချုပ်ရေး (၅) မှတ်

(ဃ) ပြည်ထောင်စုပါတီအစိုးရလက်ထက်စီးပွားရေး (၅) မှတ်

(င) သုံးနိုင်ငံညီညွတ်ရေးအဖွဲ့ (၅) မှတ်

(စ) ဖက်ဆစ်အစိုးရပေါ်ပေါက်လာခြင်း (၅) မှတ်

(ဆ) ကမ္ဘာ့ကုလသမဂ္ဂဖွဲ့စည်းပုံ (၅) မှတ်

(ဇ) ဆိုဗီယက်ဦးဆောင်သောကွန်မြူနစ်အုပ်စုပေါ်ပေါက်လာခြင်း (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ၁၉၀၆ မှ ၁၉၂၀ ခုနှစ်အတွင်း ဝိုင်အမ်ဘီအေအသင်းကြီး၏အမျိုးသားရေးဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြပါ။ (၁၅) မှတ်

(၂) လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ချုပ်ကြီး၏ အပြင်းအထန်ကန့်ကွက်ခဲ့သည့် စက္ကူဖြူစာတမ်းအကြောင်းကို ဖြေဆိုပါ။ (၁၅) မှတ်

(၃) အင်္ဂလိပ်တို့ကျင့်သုံးခဲ့သော ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေးကိုဝေဖန်ပါ။ (၁၅) မှတ်

(၄) ဖဆပလ အစိုးလက်ထက် အုပ်ချုပ်ရေးကို အကဲဖြတ်ပါ။ (၁၅) မှတ်

[ တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ပထမကမ္ဘာစစ်ဖြစ်ရသည့်အကြောင်းရင်းများအနက် ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း အကြောင်းကိုတင်ပြဆွေးနွေးပါ။ (၁၅) မှတ်

(၂) အင်္ဂလိပ်ဆန့်ကျင်ရေး လက်နက်ကိုင်တော်လှန်မှုတစ်ရပ်ဖြစ်သည့် စစ်ပါရီအရေးတော်ပုံကို ဖြေဆိုပါ။ (၁၅)မှတ်

(၃) လက်နက်အပြိုင်တပ်ဆင်ခြင်းသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားရသော အခြေခံအကြောင်းရင်း တစ်ရပ်ဖြစ်ကြောင်းရေးသားပါ။ (၁၅)မှတ်

(၄) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေးကို လေ့လာတင်ပြပါ။ (၁၅)မှတ်